## ဒုတိယအကြိမ် MSDP – NIF Metadata Development အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

## (၉-၁၂-၂၀၁၉)

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရာ၌ စောင့်ကြည့်အကဲဖြတ်မည့် အမျိုးသား ဦးစားပေးကိန်းမူဘောင်တွင် ပါရှိသည့် ညွှန်ကိန်းများ၏ Metadata များဖော်ထုတ်နိုင်ရေး လုပ်ငန်းကဏ္ဍအလိုက် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ လ ၉ ရက်နေ့မှ ၂၀ ရက်နေ့ အထိ Royal President Hotel ၊ နေပြည်တော်တွင် ကျင်းပ လျက်ရှိပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိသည့် ဌာနဆိုင်ရာများမှ အရာရှိများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ပါသည်။ Metadata Development အလုပ်ရုံဆွေးနွေးပွဲ များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်းများ ကို အကောင်အထည်ဖော်ဆောင်ရာ၌ စောင့်ကြည့်အကဲဖြတ်နိုင်မည့် အမျိုးသားညွှန် ကိန်းမူဘောင်တွင်ပါရှိသည့် ညွှန်ကိန်း ၂၈၆ ခု၏ Metadata များကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများတွင် ဗဟိုစာရင်း အင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်မှ တက်ရောက်အမှာစကား ပြောကြားပါ သည်။


Australian
Aid

